Distr.

GENERAL

CCPR/C/21/Rev.1/Add.4

စက်တင်ဘာ ၂၇၊ ၁၉၉၃

မူရင်း : အင်္ဂလိပ်

လူ့အခွင့်အရေးကော်မတီ

## အပြည်ပြည်ဆိုင်ရာ ပြည်သူ့ရေးရာနှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်

## ပုဒ်မ ၄၀ ၊ စာပုဒ် ၄ အရ လူ့အခွင့်အရေးကော်မတီမှ

## လက်ခံကျင့်သုံးသော အထွေထွေမှတ်ချက်

### နောက်ဆက်တွဲ

### အထွေထွေ မှတ်ချက် အမှတ် . ၂၂ (၄၈) (ပုဒ်မ . ၁၈) *[1]

၁။ ပုဒ်မ ၁၈ (၁)တွင် ဖော်ပြထားသည့် (လွတ်လပ်စွာယုံကြည်ခွင့်အပါအဝင် ) လွတ်လပ်စွာ တွေး ခေါ်ကြံဆခွင့်၊ ယုံကြည်ခွင့် နှင့် ကိုးကွယ်ခွင့်သည် အလွန်ကျယ်ပြန့်ပြီး လေးနက်ပါသည်။ ၎င်းပုဒ်မသည် တသီးပုဂ္ဂလဖြစ်စေ၊ အခြားသူများနှင့် လူမှုအသိုင်းအဝန်းအတွင်းဖြစ်စေ ထင်ရှားထုတ်ဖော်နိုင်ပြီး ကိုယ်ပိုင် ယုံကြည်ချက်နှင့် ဘာသာတရား သို့မဟုတ် ယုံကြည်ချက်အပေါ် စွဲမြဲလုပ်ဆောင်မှုကိစ္စရပ်များ အားလုံးအပေါ် လွတ်လပ်စွာ တွေးခေါ်ခွင့်ကို လွှမ်းခြုံထားပါသည်။ လွတ်လပ်စွာ တွေးခေါ်ခွင့်နှင့် လွတ်လပ်စွာ ယုံကြည်ခွင့်ကို လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်နှင့် တန်းတူညီတူ အကာအကွယ်ပေးသည်ဟူသောအချက်ကို စာချုပ်ပါ အဖွဲ့ဝင်နိုင်ငံများ၏ အာရုံစိုက်မှု ဖြစ်စေရန် ကော်မတီမှ လုပ်ဆောင်ပါသည်။ အများပြည်သူ အရေးပေါ်အခြေ အနေမျိုးတွင်ပင် ပဋိညာဉ်၏ အပိုဒ် ၄ (၂) တွင် ဖော်ပြထားသည့် ဤလွတ်လပ်ခွင့်များအား နှိမ့်ချသွေဖီခြင်း မပြုနိုင်သည့်အချက်သည်လည်း အဆိုပါ လွတ်လပ်ခွင့်များ၏ အခြေခံ လက္ခဏာများတွင် ထင်ဟပ် ပေါ်လွင်နေပါသည်။

[1] * ကော်မတီ၏ ၁၂၄၇ ကြိမ်မြောက် အစည်းအဝေး ( အပိုင်း ၄၈ ၊ ဇူလိုင် ၂၀ ၁၉၉၃ ) တွင် လက်ခံကျင့်သုံးခဲ့ပါသည်။

၂။ ပုဒ်မ ၁၈ သည် ကိုးကွယ်ယုံကြည်မှု၊ ကိုးကွယ်ယုံကြည်ခြင်းအားငြင်းပယ်မှု နှင့် ဘုရားမဲ့ဝါဒီယုံကြည်မှုများကို ကာကွယ်ပေးသည့်အပြင် မည်သည့်ဘာသာ သို့မဟုတ် ယုံကြည်ချက်ကိုမဆို သက်ဝင်ယုံကြည်မှု မရှိဘဲ နေခွင့်ကိုလည်း ကာကွယ်ပေးပါသည်။ ကိုးကွယ် ယုံကြည်မှုနှင့် ဘာသာတရား ဟူသော ဝေါဟာရကို ကျယ်ကျယ်ပြန့်ပြန့် အဓိပ္ပါယ်ဖွင့်ဆိုရပေမည်။ မိရိုးဖလာဘာသာတရားများ သို့မဟုတ် အဖွဲ့အစည်းဆိုင်ရာ ဝိသေသလက္ခဏာများရှိသည့် ဘာသာတရားများနှင့် ယုံကြည်ချက်များ သို့မဟုတ် ရိုးရာဘာသာတရားများနှင့် အလားသဏ္ဍာန်တူညီသော ကျင့်သုံးမှုဓလေ့များနှင့်သာ သက်ဆိုင်သည်ဟူ၍ ပုဒ်မ ၁၈ ၏ သက်ရောက်မှုနယ်ပယ်ကို ကန့်သတ်ထားခြင်း မရှိပါ။ ထို့ကြောင့် အသစ်တည်ထောင်ခြင်း သို့မဟုတ် လွှမ်းမိုးကြီးစိုး၏ထားသော ဘာသာရေးအသိုက်အဝန်း၏ ရန်လိုမှုဖြစ်နိုင်သော ဘာသာရေးလူနည်းစုများကို ကိုယ်စားပြုခြင်း အပါအဝင် မည်သည့်အကြောင်းကြောင့်မဆို ခွဲခြားဆက်ဆံရန် မည်သည့်ကိုင်းညွှတ်မှုမျိုးကိုမဆို ကော်မတီမှ စိုးရိမ်မကင်း ရှုမြင် ပါသည်။

၃။ ပုဒ်မ ၁၈ သည် လွတ်လပ်စွာ တွေးခေါ်ကြံဆခွင့်၊ ယုံကြည်ချက်နှင့် ကိုးကွယ်ခွင့်အား ယုံကြည်ချက် သို့မဟုတ် ဘာသာရေးတို့ကို လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် ပိုင်းခြားထားသည်။ လွတ်လပ်စွာ တွေးခေါ်ကြံဆမှု နှင့် ယုံကြည်ချက် သို့မဟုတ် တဦးတယောက်၏ ကိုယ်ပိုင်ရွေးချယ်မှုအရ ဘာသာတရား သို့မဟုတ် ယုံကြည်ချက်တစ်ရပ်ကို လွတ်လပ်စွာ ကျင့်သုံးခွင့် သို့မဟုတ် လုပ်ဆောင်ခွင့်အပေါ် မည်သည့် ကန့်သတ် ချက်မျိုးမှ ပုဒ်မ ၁၈အရ ခွင့်မပြုပါ။ ပုဒ်မ ၁၉ (၁) တွင် ဝင်ရောက်စွက်ဖက်ခြင်းမရှိဘဲ ထင်မြင်ယူဆချက်များကို ကိုင်စွဲခွင့်သည် လူတိုင်း၏အခွင့်အရေးအဖြစ် အဆိုပါလွတ်လပ်ခွင့်များကို ခြွင်းချက်မရှိ အကာအကွယ်ပေးထားပါသည်။ ပုဒ်မ ၁၈ (၂) နှင့် ၁၇ အရ မိမိ၏ အတွေးအမြင် သို့မဟုတ် ဘာသာတရား သို့မဟုတ် ယုံကြည်ချက်တို့ကို ယုံကြည်စွဲမြဲမှုအား ထုတ်ဖော်ပြသရန် မည်သူတစ်ဦးတစ်ယောက်ကိုမျှ အတင်းအကျပ် ခိုင်းစေခြင်း မပြုရပါ။

၄။ ဘာသာတရား သို့မဟုတ် ယုံကြည်ချက်အား လွတ်လပ်စွာ ထုတ်ဖော်ခွင့်ကို "တစ်ဦးချင်းဖြစ်စေ၊ လူမှုအသိုင်းအဝန်းအတွင်း အခြားသူများနှင့်ဖြစ်စေ နှင့် အများပြည်သူ သို့မဟုတ် ပုဂ္ဂလိကတွင်ဖြစ်စေ" ကျင့်သုံးနိုင်သည်။ ကိုးကွယ်ယုံကြည်မှု၊ လိုက်နာစောင့်ထိန်းမှု၊ ကျင့်ကြံမှုနှင့် သင်ကြားမှုတို့တွင် လွတ်လပ်စွာထုတ်ဖော်ပြသခွင့်သည် ကျယ်ပြန့်သော လုပ်ရပ်များစွာကို လွှမ်းခြုံထားသည်။ ဝတ်ပြုကိုးကွယ်ခြင်းဆိုင်ရာသဘောတရားသည် ကိုးကွယ်ရာနေရာများ ဆောက်လုပ်ခြင်း၊ ပူဇော်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ နှင့် အရာဝတ္ထုများ အသုံးပြုခြင်း၊ သင်္ကေတများ ပြသခြင်းနှင့် လိုက်နာခြင်း၊ အားလပ်ရက်များနှင့်အနားယူရက်များသတ်မှတ်ခြင်းတို့အပါအဝင် ယုံကြည်ချက်အား တိုက်ရိုက်ဖော်ပြသည့် ထုံးတမ်းစဉ်လာနှင့် အခမ်းအနားဆိုင်ရာအပြုအမူများ၊ အဆိုပါအပြုအမူများနှင့်ပေါင်းစပ်၍ ကျင့်သုံးသော အမျိုးမျိုးသော အလေ့အကျင့်များအထိအကျုံးဝင်ပါသည်။ ဘာသာတရား သို့မဟုတ် ယုံကြည်ချက်ကို ကျင့်သုံးလိုက်နာခြင်းဟုဆိုရာ၌ အခမ်းအနားပွဲများ နှင့်သက်ဆိုင်သောအပြုအမူများသာမက အစားအသောက်စည်းမျဉ်းစည်းကမ်းများ လိုက်နာခြင်း၊ ထူးခြားသောအဝတ်အစား သို့မဟုတ် ခေါင်းဖုံးများ ဝတ်ဆင်ခြင်း၊ အချို့သောဘဝသက်တမ်းအလိုက် ဆက်စပ်သော ဓလေ့ထုံးတမ်းများတွင် ပါဝင်ခြင်းနှင့် လူအုပ်စုတစ်စုမှ ပြောဆိုသည့် သီးခြား ဘာသာ စကားတစ်ခုအသုံးပြုခြင်းစသည့် ဓလေ့ ထုံးတမ်းများပါဝင်ပါသည်။ ထို့အပြင် ဘာသာတရား သို့မဟုတ် ယုံကြည်မှုတို့ကျင့်ကြံမှုနှင့် သင်ကြားမှုတွင် အခြားသောအရာများအနက် ဘာသာရေးခေါင်းဆောင်များ၊ ဘုန်းကြီးများနှင့်ဆရာများကို လွတ်လပ်စွာရွေးချယ်ခွင့်၊ စာသင်ကျောင်းများ သို့မဟုတ် ဘာသာရေးဆိုင်ရာ လွတ်လပ်စွာတည်ထောင်ခွင့် ၊ ကျောင်းများနှင့် ဘာသာရေးဆိုင်ရာ စာသားများ သို့မဟုတ် စာပေများကို လွတ်လပ်စွာပြင်ဆင်ဖြန့်ဝေခွင့်ကဲ့သို့သော ၎င်းတို့၏အခြေခံအရေး ကိစ္စများကို ဘာသာရေးအုပ်စုများ၏ ကျင့်ကြံပြုမူမှုများနှင့် ပေါင်းစည်းလုပ်ဆောင်သော အပြုအမူများ ပါဝင်ပါသည်။

၅။ ဘာသာတရား သို့မဟုတ် ယုံကြည်ချက်တစ်ခု " ယုံကြည်ရန် သို့မဟုတ် လိုက်နာကျင့်သုံးရန်" လွတ်လပ်ခွင့်ဆိုရာ၌ မိမိ၏ ဘာသာ သို့မဟုတ် ယုံကြည်ချက်တစ်ခုကို ဆက်လက်စောင့်ထိန်းခံယူခွင့်၊ လက်ရှိ ဘာသာ သို့မဟုတ် ယုံကြည်ချက်တစ်ခုကို အခြားတစ်ခုနှင့် အစားထိုးပိုင်ခွင့် သို့မဟုတ် ဘုရားမဲ့အယူအဆများ လက်ခံ

ကျင့်သုံးခွင့်တို့ အပါအဝင် ဘာသာတရား သို့မဟုတ် ယုံကြည်ချက်တစ်ခုကို လွတ်လပ်စွာ ရွေးချယ်ခွင့်ရှိရန် မဖြစ်မနေ လိုအပ်ကြောင်း ကော်မတီမှ သတိပြုမိသည်။ ယုံကြည်သူများ သို့မဟုတ် မယုံကြည်သူများကို ၎င်းတို့၏ ဘာသာရေးယုံကြည်ချက်နှင့် ဘာသာရေးဂိုဏ်းအသင်းတော်များကို လိုက်နာရန် အတင်းအကြပ် ဖိအားပေးရန် ရုပ်ပိုင်းဆိုင်ရာ အင်အားသုံးခြင်း သို့မဟုတ် ပြစ်ဒဏ်ချမှတ်ခြင်း၊ ၎င်းတို့၏ဘာသာရေး သို့မဟုတ် ယုံကြည်ချက်ကိုစွန့်လွှတ်ရန် သို့မဟုတ် ဘာသာကူးပြောင်းရန် အပါအဝင် ဘာသာတရား သို့မဟုတ် ယုံကြည်ချက်တစ်ခု " ယုံကြည်ရန် သို့မဟုတ် လိုက်နာကျင့်သုံးရန်" အခွင့်အရေးကို ပျက်ယွင်းစေမည့် အင်အားသုံး ခြိမ်းခြောက်သွေးဆောင်ဖြားယောင်းခြင်းများကို ပုဒ်မ ၁၈(၂)ဖြင့် ပိတ်ပင်တားမြစ်သည်။ ဥပမာအားဖြင့် ပညာရေးသင်ယူခွင့် ၊ ဆေးဘက်ဆိုင်ရာ စောင့်ရှောက်မှု၊ အလုပ်အကိုင် သို့မဟုတ် ပုဒ်မ ၂၅ မှ အာမခံထားသော အခွင့်အရေးများ နှင့် ပဋိညာဉ်ပါ အခြားသော ပြဋ္ဌာန်းချက်များတို့ကို ကန့်သတ်ခြင်း ကဲ့သို့သော တူညီသောရည်ရွယ်ချက် သို့မဟုတ် အကျိုးသက်ရောက်မှုရှိသော မူဝါဒများ သို့မဟုတ် ကျင့်ထုံး များသည် အလားတူစွာပင် ပုဒ်မ ၁၈ (၂) နှင့် ကိုက်ညီမှုမရှိပါ။ ဘာသာရေး သဘောသဘာဝမရှိသည့် ယုံကြည်ချက်များ အားလုံးကို စွဲကိုင်ထားသူများသည်လည်း အလားတူညီသော အကာအကွယ်ကို ခံစား ခွင့်ရှိသည်။

၆။ ပုဒ်မ ၁၈ (၄) ဖြင့် အများပြည်သူ့ ကျောင်းများ၏ သင်ကြားပို့ချမှု၌ အထွေထွေသမိုင်းကြောင်းနှင့် ကျင့်ဝတ် ဆိုင်ရာကဲ့သို့သော ဘာသာရပ်များတွင် ဘက်မလိုက်ဘဲ ဓမ္မဒိဋ္ဌာန်ကျကျ သင်ကြားပေးမည်ဆိုပါက ကော်မတီက ခွင့်ပြုသည်။၎င်းတို့ ယုံကြည်သက်ဝင်သော ဘာသာရေးနှင့် သဟဇာတဖြစ်သော ဘာသာရေးနှင့် ကျင့်ဝတ် ဆိုင်ရာ ပညာရေး တစ်ရပ်ကို သားသမီးများရရှိမှု သေချာခိုင်မာရေးအတွက် မိဘများ သို့မဟုတ် တရားဝင်အုပ်ထိန်းသူများ၏ လွတ်လပ်ခွင့်အား ပုဒ်မ ၁၈ (၄) တွင် ရှင်းလင်းဖော်ပြထားပြီး ပုဒ်မ ၁၈(၁) တွင် ဖော်ပြထားသည့် ဘာသာရေး သို့မဟုတ် ယုံကြည်မှုတစ်ရပ်ကို လွတ်လပ်စွာသင်ကြားခွင့် အာမခံချက်များနှင့် ဆက်နွယ်ပါသည်။ မိဘများနှင့် အုပ်ထိန်းသူများ၏ဆန္ဒများကို ပြည့်ဝစေရန် အခြားရွေးချယ်မှုများ သို့မဟုတ် ခွဲခြားဆက်ဆံမှုမရှိသော ကင်းလွတ်ခွင့်များ မပါဝင်ဘဲ တသီးတခြား ဘာသာရေးတစ်ခု သို့မဟုတ် ယုံကြည်ချက် တစ်ခုခုအတွက် ညွှန်ကြားချက်များ ပါဝင်သော လူထုပညာရေးသည် ပုဒ်မ ၁၈(၁) နှင့် မကိုက်ညီကြောင်း ကော်မတီမှ သတိပြု မိပါသည်။

၇။ ခွဲခြားဆက်ဆံမှု၊ ရန်လိုမှု သို့မဟုတ် အကြမ်းဖက်ရန် လှုံ့ဆော်မှုဖြစ်စေသော အမျိုးသားရေး၊ လူမျိုးရေး သို့မဟုတ် ဘာသာရေးအမုန်းပွားမှုကို အားပေး လှုံ့ဆော်မှု သို့မဟုတ် စစ်ပွဲအတွက် ဝါဒဖြန့်ချိမှုဖြစ်စေနိုင်သော ဘာသာရေး သို့မဟုတ် ယုံကြည်ချက်များအရ ထုတ်ဖော်စည်းရုံးမှုကို ပုဒ်မ ၂၀အရ တားမြစ်ပါသည်။ ကော်မတီက ၎င်း၏အထွေထွေ မှတ်ချက် ၁၁ [၁၉] တွင်ဖော်ပြထားသည့်အတိုင်း၊ ထိုသို့သော လုပ်ရပ်များ ကိုတားမြစ်ရန် ဥပဒေများပြဋ္ဌာန်းမှုအတွက် စာချုပ်ပါနိုင်ငံ များတွင် တာဝန်ရှိသည်။

၈။ ဥပဒေအရ ကန့်သတ်ချက်များ သတ်မှတ်ခြင်း နှင့် ပြည်သူ့လုံခြုံရေး၊ ဥပဒေစိုးမိုးရေး ၊ ကျန်းမာရေး သို့မဟုတ် ကျင့်ဝတ်တရားများ၊ သို့မဟုတ် အခြားသူများ၏ အခြေခံရပိုင်ခွင့်များ နှင့် လွတ်လပ်ခွင့်များကို ကာကွယ်ပေးရန် မဖြစ်မနေ လိုအပ်မှသာ ဘာသာရေး သို့မဟုတ် ယုံကြည်ချက်များ လွတ်လပ်စွာ ထုတ် ဖော်ပြသမှုကို ကန့်သတ်ခြင်းအား ပုဒ်မ ၁၈(၃) မှ ခွင့်ပြုသည်။ သို့သော် ဘာသာရေးနှင့် ကိုယ်ကျင့်တ ရားဆိုင်ရာပညာရေးကို ကန့်သတ်မထားနိုင်ရေး သေချာခိုင်မာစေမည့် မိဘများနှင့် အုပ်ထိန်းသူများ ၏လွတ်လပ်ခွင့်နှင့် ဘာသာရေး သို့မဟုတ် ယုံကြည်ချက်တစ်ရပ်ကို ကျင့်သုံးခွင့် သို့မဟုတ် သက်ဝင် ယုံကြည်ခွင့်အပေါ် ခြိမ်းခြောက်အကျပ်ကိုင်စည်းရုံးမှုမှ လွတ်လပ်ရမည်ဖြစ်သည်။ ခွင့်ပြုနိုင်သော ကန့်သတ်ချက် အပိုဒ်များ၏ လွှမ်းခြုံမှုကို အဓိပ္ပါယ်ဖွင့်ဆို ဘာသာပြန်ဆိုရာ၌ ပုဒ်မ၂၊ ၃ နှင့် ၂၆ တို့တွင် တိတိကျကျဖွင့်ဆိုထားသည့် အခြေအနေအရပ်ရပ်၌ တန်းတူညီမျှမှုနှင့် ခွဲခြားဆက်ဆံမှု ကင်းရှင်းရေးအပါအဝင် ပဋိညာဉ်အောက်တွင် အာမခံထားသော အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန် လိုအပ်ချက်မှ စာချုပ်ပါ နိုင်ငံများအနေဖြင့် ဆက်လက်ဆောင်ရွက်သင့်သည်။ ပုဒ်မ ၁၈ ပါ အာမခံထားသော အခွင့်အရေးများကို ချို့ယွင်းပျက်စီးစေမည့် နည်းလမ်းဖြင့် မကျင့်သုံးရန် လိုအပ်ပြီး ကန့်သတ်ချက်များသတ်မှတ်ခြင်းကို ဥပဒေအရ ပြဋ္ဌာန်းရပါမည်။ ပုဒ်မ ၁၈ ၏ အပိုဒ် ၃ ကို တိကျခိုင်မာစွာ အဓိပ္ပါယ်ဖွင့်ဆိုရန် ကော်မတီမှ သတိပြုမိသည်- အမျိုးသား လုံခြုံရေးကဲ့သို့သော ပဋိညာဉ်ပါ အခြားအခွင့်အရေးများအပေါ် ကန့်သတ်ချက်များအဖြစ် ခွင့်ပြုထား သော်လည်း အဆိုပါအပိုဒ်တွင် မဖော်ပြထားသည့် ကန့်သတ်ချက်များကို ခွင့်မပြုပါ။ ကန့်သတ်ချက်များသည် ၎င်းတို့သတ်မှတ်ထားသည့် ရည်ရွယ်ချက်များအတွက်သာ အသုံးချနိုင်ပြီး ၎င်းတို့ကို ခန့်မှန်းထားသည့်

သီးခြားလိုအပ်ချက်နှင့် တိုက်ရိုက်ဆက်စပ်ပြီး အချိုးကျရမည်ဖြစ် သည်။ ကန့်သတ်ချက်များ သည် ခွဲခြားဆက်ဆံခြင်းဆိုင်ရာ ရည်ရွယ်ချက်များအတွက် ချမှတ်ထားခြင်း သို့မဟုတ် ခွဲခြားဆက်ဆံခြင်းနည်းလမ်းဖြင့် ကျင့်သုံးခြင်းမပြုရပါ။ ကိုယ်ကျင့်တရားဆိုင်ရာ အယူအဆသည် လူမှုရေး၊ အတွေးအခေါ်နှင့် ဘာသာရေးဆိုင်ရာ ထုံးတမ်းစဉ်လာများစွာမှ ဆင်းသက်လာသည်ကို ကော်မတီမှ လေ့လာ တွေ့ရှိရပါသည်။ ထို့ကြောင့် ကိုယ်ကျင့်တရားများကို ကာကွယ်ရန် ရည်ရွယ်ချက်အတွက် ကိုးကွယ်ယုံကြည်မှု လွတ်လပ်စွာ ထုတ်ဖော်ခွင့်အပေါ် ကန့်သတ်ချက်များသည် အစဉ်အလာတစ်ခုတည်းမှ သီးသန့်ဆင်း သက်ခြင်းမဟုတ်သော အခြေခံမူများပေါ်တွင် အခြေခံရမည်ဖြစ်သည်။ အကျဉ်းသားများကဲ့သို့ တစုံတရာတရားဝင်ကန့်သတ်ချုပ်ချယ်မှုများ နှင့် ကြုံတွေ့နေရသော ပုဂ္ဂိုလ်များသည် ကန့်သတ်ချုပ်ချယ်မှု၏ သီးခြားသဘောသဘာဝနှင့် ကိုက်ညီမှုအရှိဆုံးအတိုင်းအတာအထိ ၎င်းတို့၏ ဘာသာတရား သို့မဟုတ် ယုံကြည်ချက်အား လွတ်လပ်စွာ ထုတ်ဖော်ခွင့်ကို ဆက်လက်ကျင့်သုံးခွင့်ရှိပါသည်။ ပုဒ်မ ၁၈ ( ၃ ) ပါ ကန့်သတ်ချက်များ၏ အတိုင်းအတာ နယ်ပယ် နှင့် သက်ရောက်မှုများနှင့် သက်ဆိုင်သော ဥပဒေရေးရာများ နှင့် ၎င်းဥပဒေများအား ကျင့်သုံးမည့် အခြေအနေများနှစ်ခုစလုံး၏ သတင်းအချက်အလက်အပြည့်အစုံကို စာချုပ်ပါနိုင်ငံများ၏ အစီရင်ခံ စာများတွင် ထည့်သွင်း ဖော်ပြသင့်သည်။

၉။ ဘာသာတစ်ခုအား နိုင်ငံတော်ဘာသာအဖြစ် အသိအမှတ်ပြုခြင်း သို့မဟုတ် ယင်းဘာသာကို တရားဝင် သို့မဟုတ် ရိုးရာအဖြစ် တည်ထောင်ထားခြင်း သို့မဟုတ် ၎င်း၏နောက်လိုက်များသည် လူဦးရေအများစုဖြစ်နေခြင်းအချက်ကြောင့် ပုဒ်မ ၁၈နှင့် ၂၇ တို့အပါအဝင် ပဋိညာဉ်ပါအခွင့်အရေးများ ခံစားခွင့်ကို တစ်စုံတစ်ရာ ထိခိုက်စေမည်မဟုတ်သကဲ့သို့ အခြားဘာသာဝင်များ သို့မဟုတ် မယုံကြည်သူများ ယုံကြည်စွဲမြဲမှုများအပေါ် မည်သည့်ခွဲခြားဆက်ဆံခြင်းကိုမျှ ဖြစ်စေမည်မဟုတ်ပါ။ အထူးသဖြင့် လွှမ်းမိုးကြီးစိုးနေသည့် ဘာသာဝင်များအား အစိုးရအလုပ်နေရာခန့်ထားမှု ကန့်သတ်ခြင်းမှ တရားဝင်ဖြစ်စေသော စီမံလုပ် ဆောင်ချက်များ သို့မဟုတ် ၎င်းဘာသာဝင်များအား စီးပွားရေးအခွင့်အလမ်းပိုမို ပေးခြင်း သို့မဟုတ် အခြားသော ယုံကြည် သက်ဝင်မှုများ ကျင့်ကြံလိုက်စားမှုအပေါ် အထူးတလည် ကန့်သတ် ချုပ်ချယ်မှုများထားရှိခြင်းကဲ့သို့ အခြား ဘာသာဝင်များနှင့် မယုံကြည်သူများအပေါ် ခွဲခြားဆက်ဆံမှုများသည် သာတူညီမျှကာကွယ်ပေးခြင်း

အာမခံချက်နှင့် ဘာသာရေး သို့မဟုတ် ယုံကြည်ချက်အပေါ် အခြေ ခံပြီး ခွဲခြားဆက်ဆံခြင်းကို ပုဒ်မ ၂၆ အရ တားမြစ်ခြင်းနှင့် လိုက်လျောညီထွေ သဟဇာတ မဖြစ်ပါ။ ဘာသာရေး လူနည်းစုများ၏ အခွင့်အရေးကို ချိုးဖောက်ခြင်းမှ ကာကွယ်ရန် အရေးကြီးသော အကာအ ကွယ်များနှင့် ပုဒ်မ ၁၈ နှင့် ၂၇ ၌ အာမခံထားသော အခွင့်အရေးများကို အခြားဘာသာရေးအုပ်စုများ ကျင့်သုံး ရန် နှင့် ထိုအဖွဲ့များအပေါ် ဦးတည်သော အကြမ်းဖက်မှု သို့မဟုတ် စီရင်အပြစ်ပေးမှုများကိုဆန့်ကျင်ပြီး ပဋိညာဉ် ပုဒ်မ ၂၀၊ အပိုဒ် ၂ ပါ စီမံလုပ် ဆောင်မှုများအား ဖွဲ့စည်းထားသည် ။ ဘာသာတရား သို့မဟုတ် ယုံကြည်ချက်အားလုံးကို ချိုးဖောက်မှု မှ ကာကွယ်ရန်နှင့် ၎င်းဘာသာဝင်များ၊ နောက်လိုက်များအား ခွဲခြားဆက်ဆံခြင်းမှ ကာကွယ်ရန် သက်ဆိုင်ရာ စာချုပ်ပါနိုင်ငံများမှ စိုးရိမ်မကင်း ဆောင်ရွက်ချက်များကို သတင်းပေးပို့ပေးရန် ကော်မတီမှ လိုလားပါသည်။ အလားတူ လွတ်လပ်စွာ တွေးခေါ်ကြံဆမှု၊ ယုံကြည်ကိုးကွယ်မှုနှင့် ယုံကြည်ချက် တို့ကို စာချုပ်ပါနိုင်ငံများမှ အကောင်အထည်ဖော်နေမှုအပေါ် အတိုင်းအတာတစ်ခုအထိ အကဲဖြတ်ရန် ကော်မတီအတွက် ပုဒ်မ ၂၇ပါ ပြဋ္ဌာန်းချက်အရ ဘာသာရေးလူနည်းစုများ၏ အခွင့်အရေးကို လေးစားလိုက်နာ မှုနှင့်သက်ဆိုင်သော သတင်း အချက် အလက်များ လိုအပ်ပါသည်။ သက်ဆိုင်ရာ စာချုပ်ပါနိုင်ငံများသည် ၎င်းတို့၏ ဥပဒေများနှင့် ဘာသာရေး စော်ကားမှုအဖြစ် အပြစ်ပေးနိုင်သည့် တရားစီရင်ရေးဆိုင်ရာ ကျင့်ထုံး များဆိုင်ရာ အချက်အလက်များနှင့် ပတ်သက်သော သတင်း အချက်အလက်များကို ၎င်းတို့၏ အစီရင်ခံ စာများ တွင် ထည့်သွင်းသင့်သည်။

၁၀။ အကယ်၍ ယုံကြည်မှုအစုအဝေးတစ်ခုအား ဖွဲ့စည်းပုံအခြေခံဥပဒေများ၊ ဥပဒေများ၊ အမိန့်ကြေငြာချက်များ၊ အာဏာရပါတီများ၏ ကြေငြာချက်များ စသည်တို့တွင် တရားဝင် နိုင်ငံရေးအယူအဆတစ်ရပ်အဖြစ် သဘောထားခြင်း သို့မဟုတ် လက်တွေ့ ကျင့်သုံးခြင်းကြောင့် ပုဒ်မ ၁၈ အရ လွတ်လပ်မှုများ သို့မဟုတ် ပဋိညာဉ်အရ အသိအမှတ်ပြုထားသော အခြားအခွင့်အရေးများနှင့် တရားဝင် နိုင်ငံရေးအယူအဆကို လက်မခံသော သို့မဟုတ် ဆန့်ကျင်သော ပုဂ္ဂိုလ်များအပေါ် မည်သည့် ခွဲခြားဆက်ဆံခြင်းကိုမဆို တားမြစ်ခြင်း အား အကျိုးသက်ရောက်စေမည် မဟုတ်ပါ။

၁၁။ ပုဒ်မ ၁၈ ပါပြဋ္ဌာန်းချက်အရ ၎င်းတို့၏ လွတ်လပ်ခွင့်များမှ ဆင်းသက်လာသောအခွင့်အရေးကို အခြေခံ၍ စစ်မှုထမ်းရန် ငြင်းဆိုပိုင်ခွင့် (အသိစိတ်ဖြင့် ကန့်ကွက်ခြင်း) ကို လူများစွာမှ တစ်ဦးချင်းအနေဖြင့် တောင်းဆိုထားကြသည်။ ထိုသို့သော တောင်းဆိုမှုများကို တုံ့ပြန်သည့်အနေဖြင့် အလွန်အမင်း ဘာသာရေးကိုင်ရှိုင်းသော သို့မဟုတ် စစ်မှုထမ်းခြင်းကို တားမြစ်သော အခြားသော ယုံကြည်ချက်များရှိသော နိုင်ငံသားများကို မဖြစ်မနေ စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့်ပေးသည့် ဥပဒေများ ၎င်းတို့၏ ဥပဒေတွင် ထည့်သွင်းပြီး အခြားသော နိုင်ငံတာဝန်များနှင့် အစားထိုးသော နိုင်ငံများ တိုးပွားလာနေသည်။ ပဋိညာဉ် သည် အသိစိတ်ဖြင့် ကန့်ကွက်ပိုင်ခွင့်ကို အတိအလင်း ရည်ညွှန်းခြင်းမရှိသော်လည်း ယင်းအခွင့် အရေးသည် ပုဒ်မ ၁၈ မှ ဆင်းသက်လာနိုင်ကြောင်း ကော်မတီက ယုံကြည်သည်ဖြစ်၍ သေစေနိုင်သောအင်အား အသုံးပြုရန် တာဝန်ဝတ္တရားသည် တစ်ဦးတစ်ယောက်၏ ဘာသာရေး သို့မဟုတ် ယုံကြည်ချက်ကို ထုတ်ဖော်ပြသခွင့် နှင့် လွတ်လပ်စွာ ယုံကြည်ခွင့်တို့အကြား ပြင်းထန်သော ပဋိပက္ခဖြစ်နိုင်ဖွယ်ရှိနေသည်။ ဤအခွင့်အရေးကို ဥပဒေ သို့မဟုတ် လက်တွေ့အားဖြင့် အသိအမှတ်ပြုသောအခါ၊ ၎င်းတို့၏ သီးခြားယုံကြည်ချက်များ၏ သဘောသဘာဝအပေါ် အခြေခံ၍ အသိစိတ်ရှိသော ကန့်ကွက်သူများကြားတွင် ကွဲပြားမှုမရှိစေရပါ။ အလားတူ စစ်မှုထမ်းရန် ပျက်ကွက်သောကြောင့် အသိစိတ်ရှိသော ကန့်ကွက်သူများကို ခွဲခြားဆက်ဆံခြင်း မရှိစေရပါ။ ပုဒ်မ ၁၈ အရ ၎င်းတို့၏ အခွင့်အရေးများနှင့် အခြားရွေးချယ်စရာ နိုင်ငံတော်အမှုထမ်းများ၏ သဘောသဘာဝနှင့် အမှုထမ်း ကာလ အပေါ်အခြေခံ၍ လူပုဂ္ဂိုလ်များအား စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့်ပြုနိုင်သည့် အခြေအနေများကို အစီရင်ခံရန် ကော်မတီသည် စာချုပ်ပါအဖွဲ့ဝင်နိုင်ငံများအား ဖိတ်ကြားထားသည်။